စိတ်ကူးချိုချိုအနုပညာ



ဓာတ်ပုံ-အင်တာနက်

မြန်မာ – ထိုင်းနယ်စပ် ကော့သောင်းမြို့ တစ်ဖက်ကမ်း ရနောင်းမြို့ရပ်ကွက်များတွင်
သွားရောက် အလုပ်လုပ်ကိုင် စားသောက်နေကြရသည့် မြန်မာလူငယ်တို့အကြောင်း သရုပ်မှန်ဝတ္ထု

# ရေမျောကမ်းမဲ့ပွဲတော်

စိုးဘားဒိုင်

# မိတ်ဆက်စကား

'ရေမျောကမ်းမဲ့ပွဲတော်' ဝတ္ထုသည် ရှစ်လေးလုံး အရေးတော်ပုံ မတိုင်မီကလေးနှင့် အရေးတော်ပုံအပြီးကာလ အာဏာသိမ်း စစ်အစိုးရ စတင်လည်ပတ်ချိန် မြန်မာ-ထိုင်း နယ်စပ် ကော့သောင်းမြို့ တစ်ဖက်ကမ်း ရနောင်းမြို့၊ စဖန်ပလားရပ်ကွက်၊ စန်စီရပ်ကွက်များ တွင် သွားရောက်လုပ်ကိုင်စားသောက် နေကြသည့် မြန်မာလူငယ်တွေအကြောင်း ဖြစ်သည် ။ အရေးတော်ပုံအကြောင်း မပါရှိဘဲ အရေးတော်ပုံပြီးကာလ စစ်အစိုးရ၏ ကနဦး စီးပွားရေး ဖော်ဆောင်မှုဖြစ်သော နယ်စပ် ကုန်သွယ်ရေး၊ ပုံမှန်ကုန်သွယ်ရေး၏ ကမောက်ကမများ ၊ မသမာမှုများ အကြောင်းကို တွေ့ရမည် ဖြစ်သည် ။

အထူးသဖြင့် ကုန်သွယ်ရေး မသမာမှုများ ၊ ထိုင်းရောက် မြန်မာလုပ်သားများ ၏ အတွေ့အကြုံများမှာ ယခုအချိန်အထိ အပြောင်းအလဲ သိပ်မရှိတာကို ရေမျောကမ်းမဲ့ကို ပြန်ဖတ်ကြည့်ချိန်တွင် သတိပြုမိသည် ။ လက်ရှိအနေအထား၊ အခြေအနေကို ရေးထားသလို ဖြစ်နေသည် ကို တွေ့ရသည် ။

ရေမျောကမ်းမဲ့ပွဲတော်ကို ရတီမဂ္ဂဇင်းတွင် စတင်ဖော်ပြချိန်သည် စာပေစိစစ်ရေး ရှိနေဆဲဖြစ်ပြီး ရတီမဂ္ဂဇင်းတွင် ၁၃ လ ဖော်ပြရာတွင် ၂ လသာ စိစစ်ရေးက ကင်းလွတ်ခွင့်ရချိန် ဖြစ်ပါသည် ။ စာပေစိစစ်ရေး ရှိသည် ကို အာရုံမထားဘဲ ရေးခဲ့သည့်ဝတ္ထုလည်း ဖြစ်ပါသည် ။ ရတီမဂ္ဂဇ

င်းတွင် အခန်းဆက်ဖော်ပြပြီးသည့်နောက် ထို့ပိုင်း ထို့ပိုင်း ဖတ်လိုက်ရသည့် ပရိသတ်က လုံးချင်းထုတ်ဝေရန် အကြံပြုကြသည် ။ အကြံပြုသည့် ပရိသတ်များအား ကျေးဇူးတင်သလို လုံးချင်းကို ထုတ်ဝေ ဖြန့်ချိပေးသည့် စိတ်ကူးချိုချိုစာပေအား ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည် ။

ကနဦး ဖော်ပြခဲ့သည့် ရတီမဂ္ဂဇင်း၊ ရတီမဂ္ဂဇင်းတွင် ဖော်ပြခဲ့ပြီးမှ အခန်းဆက် ဖော်ပြနေသည့် အထက်မြန်မာ သတင်းဂျာနယ်၊ စာမူများကို သေချာစွာ စာစီစာရိုက် ပြုလုပ်ပေးသည့် မိုးသူဇာ တို့ ကိုလည်း ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည် ။

ယခု စာအုပ်ကို ဖတ်ရှုကြသည့် ပရိသတ်များအားလည်း ကျေးဇူးစကားဆိုရင်း ရေမျောကမ်းမဲ့ပွဲတော် ကို ခံစားကြည့်ကြပါဟု ချစ်ခင်လေးမြတ်စွာ မိတ်ဆက်စကား ဆိုလိုက်ရပါသည် ။

*

# ရေမျောကမ်းမဲ့ပွဲတော်

ကျော်ဝမ်း သတိရလာချိန်တွင် တစ်ကိုယ်လုံး လှုပ်ရှား၍ မရဘဲ အသေကောင်လို ဖြစ်နေသည် ကို သတိပြုမိသွားသည် တစ်ခြမ်းစောင်းနေသော ပွဲတော်သည် ရေထဲတွင် လျောင်းအိပ်နေသလို ငြိမ်သက်နေသည် ။ ကျော်ဝမ်းက ထိုတစ်ခြမ်းစောင်းနေသည့်ဘက်၊ ရေထဲ နစ်ဝင်နေသည့်ဘက်တွင် တစ်ပိုင်းတစ်စ ပျက်စီးနေသော စက်ခန်းအတွင်းရှိ စက်ဆရာ သီးသန့်ခန်း၏ နံရံတွင် အလျားလိုက် လဲနေသည် ။ မျက်လုံးဖွင့်ပြီး မြင်နိုင်သမျှကို သူ မျက်လုံး ဝေ့ကြည့်လိုက်သည် ။ ဟိုတစ်စ ဒီတစ်စ ပျက်စီးနေသော သူ့အခန်းထဲတွင် ပြတင်းပေါက်တိုင်နှင့် ချိတ်တွဲထားသည့် လုံချည်ကွင်းထဲတွင် ရောက်နေသည် ကိုလည်း သူ တွေ့ရသည် ။

အာခေါင်တွေ ခြောက်ကပ်နေပြီး လည်ချောင်းထဲတွင် တစ်ခုခု နင်သလို ခံစားလာရသည် ။ သူ့ခန္ဓာကိုယ်၏ လှုပ်နိုင်သော အစိတ်အပိုင်းတွေကို သူ လှုပ်ရှားကြည့်သည် ။ ခန္ဓာကိုယ် အစိတ် အပိုင်းများ သည် သူသား၏ အစိတ်အပိုင်းများ မဟုတ်ဘဲ သစ်သားပန်းပု၏ အစိတ်အပိုင်းများ လို ဖြစ်နေသည် ။ သူ့ခန္ဓာကိုယ်အတွင်းရှိ အင်အားများမှာ ကြံရည်ညှစ်စက်ဖြင့် အကြိမ်ကြိမ်အထပ်ထပ် ညှစ်ထုတ်ထားသည့် ကြံဖတ်ထဲတွင် ကြံရည်တစ်စက်တလေမျှ မရှိတော့သလို ကုန်ခန်းနေသည် ကို သူ တွေ့ရသည် ။

သူ အသံထွက်ကြည့်သည် ။ သူ့အသံက လည်ချောင်းထဲမှာ ပင် ပျော

က်သွားသည် ။ ပါးစပ်ကနေ အန်ထွက်လာနိုင်သည့် လေအင်အားက လေးလောက်ကိုပင် သူ့လည်ချောင်း တစ်လျှောက်တွင် ရှိမနေပေ။ အသံကို တွန်းပို့ပေးနိုင်သည့် အားအင်တွေ ကုန်ဆုံးနေသည် ကို သူ အထိတ်တလန့် တွေ့လိုက်ရသည် ။

လှဲနေသည့် နံရံဘက်တွင် ရောက်နေသော သူသည် ထောင်နေသည့်ဘက်က နံရံကို မြင်လာရသည် ။ သတိရစက မှုန်ဝါးဝါးဖြစ်နေသော မျက်လုံးသည် တဖြည်းဖြည်း ကြည်လင် လာနေသည် ။ တစ်ဖက်နံရံသည်လည်း လှိုင်းပုတ်ထားသဖြင့် ပျက်စီးပြုတ်ထွက်ကာ အကျိုး အပဲ့တို့ ဖြင့် ထိုးထိုးထောင်ထောင် ဖြစ်နေသည် ကို မြင်ရသည် ။

လက်ချောင်းကလေးတွေကို သူ ကွေးကြည့်၊ လှုပ်ရှားကြည့်သည် ။ လေဖြတ်ထားသည့် လက်ချောင်းတွေလို လှုပ်ရှား၍ မရဘဲ ဖြစ်နေသည် ။ ခြေညှိုးကလေးတွေကိုလည်း သူ အာရုံထားပြီး လှုပ်ရှားကြည့်သည် ။ ယခုအခါမှာ တော့ သူသည် အသက်ရှူနေဆဲ သစ်သားပန်းပုတစ်ခု ဖြစ်နေသည် ။

ပွဲတော်သည် ငြိမ်သက်နေဆဲ ပင်လယ်ပြင်ထဲတွင် ငြိမ်သက်စွာပင် ရှိနေလေသည် ။ လူသံသူသံ၊ လှုပ်ရှားသံတွေကို မကြားရဘဲ တိတ်ဆိတ်လျက်ရှိလေရာ ကျော်ဝမ်းသည် သူ့လူတွေကို စိုးရိမ်စိတ် ဝင်သွားသည် ။ လှေထဲတွင် တစ်ယောက်တလေမှ မကျန်ရစ်တော့တာလား၊ တစ်ယောက်မှ သတိမရကြသေးတာလား၊ မိုးသက်မုန်တိုင်းက လှေထဲက လူတွေကို ဝါးမျိုသွားခဲ့လေပြီလား။ လှုပ်ရှား၍ မရသော ကျော်ဝမ်းသည် တွေးနိုင်သည့်အလုပ်တစ်ခုဖြင့် တွေးလျက်နေလေသည် ။

“အင်း”

လည်ချောင်းထဲမှ ကုန်းရုန်းထလာသည့် အသံတိုးတိုးသည် အားအင်

ကုန်ခန်းနေသော လူမမာ၏ ထွက်သက်ငင်သံလို ဖြစ်နေသည် ။ ကျော်ဝမ်းသည် အသံပို၍ ထွက်လာစေရန် ကြိုးစား၍ အားထုတ်ကာ ထုတ်ကြည့်သည် ။ လေသံသာသာလောက်သာ ပင်ပင်ပန်းပန်း ထွက် လာလေရာ ကျော်ဝမ်း စိုးထိတ်သွားသည် ။ တစ်ကိုယ်လုံး လှုပ်ရှား၍ မရသလို အသံကပါ ပျက်စီးသွားလေပြီလား။ သူသည် မြင်နိုင်သမျှ နေရောင်ကိုကြည့်ရင်း သူ့ကံကြမ္မာကို သူ ဖတ်၍ မရဘဲ ဖြစ်နေသည် ။ သူ မြင်နေရသည့် နေရောင်သည် မနက်လား၊ နေ့လယ်လား၊ ညနေခင်းလား ဆိုတာကိုလည်း သဲကွဲအောင် သူ မဝေခွဲနိုင်သေးပေ။

"အင်း… ကျွတ်… ကျွတ်"

စကားပြောတတ်ခါစ ကလေးတစ်ယောက်၏ ကြိုးပမ်းအားထုတ်မှု အသံတိမ်တိမ်ကလေးသည် ယခုအခါ ကျော်ဝမ်း၏ နှုတ်မှ ထွက်လာနေလေသည် ။ ကျော်ဝမ်းတစ်ယောက် လူ့လောကထဲသို့ တစ်ဖန် စတင်မွေးဖွားလာခဲ့လေပြီလား။ သေခြင်းရှိသလို၊ မွေးဖွားခြင်း ရှိသလို တစ်ဖန် ပြန်လည် မွေးဖွားခြင်းသည် လည်း ရှိကောင်း ရှိနိုင်ပေသည် ။ သို့သော် ကျော်ဝမ်းအဖို့ ရာမှာ တော့ လူကြီးတစ်ယောက်ဆီက ကလေးသံထွက်နေခြင်းအတွက် စိတ်ပျက်စရာ ဖြစ်စေပါလိမ့်မည်။

အသံတစ်ခုသာ သူနှင့် ဆက်သွယ်၍ ရနေသေးသော်လည်း ကျော်ဝမ်းမှာ ထိုအသံ လူလားမြောက်ဖို့ ရန်ကိုပင် အတော်သည်းခံ၍ စောင့်နေရလေသည် ။ အသံပိုထွက်လာတာကပင် သူ၏ ခန္ဓာကိုယ်ထဲတွင် လေပေါင်နည်းနည်း ရှိ လာပြီဖြစ်ကြောင်း သက်သေထူလာသည့် သဘောပင်ဖြစ်သည် ။ သူ့လက်ညှိုးကလေးတွေကတော့ လှုပ်ရှား၍ မရသေးကြောင်း သူ ကွေးကြည့် လှုပ်ကြည့်ရင်း သိရသည် ။

အခါမဲ့ မိုးသက်လေပြင်းကြောင့် ဖြစ်ပေါ်လာသော လှိုင်းလုံးကြီးတွေ

က သူ့တို့ လှေကို စိတ်ရှိလက်ရှိ ရိုက်ပုတ်ညှဉ်းဆဲခဲ့သည် ကိုတော့ သူ ကောင်းကောင်း သတိရလာသည် ။ နောက်ကျိနေဆဲ ခေါင်းထဲတွင် ထို အဖြစ်အပျက်သည် မှတ်မှတ်ထင်ထင် နေရာယူထားသည် ကို သူ တွေ့ရ သည် ။

မိုးသက်လေပြင်း ကျရောက်စဉ်က သူသည် စက်ခန်းထဲတွင် ကြွံ့ကြွံ့ ခံကာ စက်ကို ထိန်းကျောင်း မောင်းနှင်နေခဲ့သည် ။ ခြေနှစ်ဖက်၊ လက်နှ စ်ဖက်ကို ကောင်းစွာ အသုံးချပြီး လဲကျမသွားအောင် သူ ထိန်းနိုင်ခဲ့သ ည် ။ သို့သော်လည်း သူ့အတိုင်းအတာမှာ လှိုင်းလုံးကြီးတွေက ဆက်တို က် ရိုက်ခတ်မှုကိုတော့ တောင့်မခံနိုင်တော့ဘဲ စက်နှင့်သူ ကွဲကွာသွား အောင် ရိုက်ပုတ် မောင်းလွှတ်နိုင်ခဲ့လေသည် ။

အင်ဂျင်စက်အနီးကနေ စက်ဆရာအခန်းကို ကုတ်ကတ်တက်နေစဉ် အခန်းထဲ သူ လွင့်စဉ်သွားခြင်း ဖြစ်လေသည် ။ ပုဆိုးတစ်ထည်ကို ကွင်း သိုင်းကာ ပြတင်းပေါက်တိုင်တွင် သူ့ကိုယ်သူ လျှို၍ ချည်ထားနိုင်ခဲ့သည် ။ လွှားထားသည့် ပုဆိုးတစ်ထည်က နံရံတွင် ရေတွေစိုပြီး ကပ်နေသည် ။ ထိုပုဆိုးကိုယူကာ ပြတင်းပေါက်တိုင်တွင် ကွင်းထိုးလျှိုလိုက်ပြီးမှ သူ့ ကိုယ်က ပုဆိုးနှင့် ကွင်းထိုးချည်လိုက်နိုင်ခြင်း ဖြစ်သည် ။

လှိုင်းလုံးကြီးတွေ တရစပ် ရိုက်ပုတ်နှိပ်စက်နေချိန်တွင် ထိုပုဆိုးထဲ တွင် လူးလိမ့်ပါကာ အကြိမ်ကြိမ် ရိုက်ပုတ်ခံခဲ့ရသည် ။ နံရံနှင့်လည်း မကြာခဏ ဆောင့်မိခဲ့သည် ။ သူနှင့် နီးနီးကပ်ကပ် ရှိနေသော ဘူမောင် ကတော့ စက်ခန်း ဝင်ထွက်ပေါက်ကနေ လှေပဲ့ဘက်သို့ လွင့်ထွက်သွား သည် ကို သူ တွေ့လိုက်ရသည် ။ မိုးထဲလေထဲတွင် ဘူမောင်ကို သတိ ထားဖို့ လှမ်းအော်လိုက်သေးတာကိုလည်း သူ သတိရလာသည် ။ ထို ဘူ မောင်ကကော အခြေအနေ ဘယ်လိုရှိလေမလဲ။ စိတ်ကသာ သွားလာ

လှုပ်ရှားနိုင်ပြီး ကိုယ်မပါနိုင်သေးသည့် ကျော်ဝမ်းသည် သူ့ညီ ကျင်းမောင်၊ ပဲ့နင်း လှအောင်၊ သိန်းထွန်း၊ အောင်ထွန်းနိုင်၊ ထောကြီး၊ စံသောင်းတို့ ကို စိတ်ပူစွာ သတိရသည် ။

သူ့အသံကို ထပ်ကြိုးစားကြည့်တော့ အသံက နည်းနည်းထွက်လာသည် ။

"ကျင်း... ကျင်းမောင်"

သူ့အသံက သူကြားရုံလောက်ကလေးလောက်သာ ကျယ်လာနိုင်သေးသည် ။ လှေထဲတွင် အတူပါလာသည့် လူတွေထဲက သူနှင့် လက်တစ်ကမ်းလောက် အကွာတွင် ရှိသူပင်လျှင် မကြားနိုင်သည့် အသံမျိုး ဖြစ်နေသည် ။ သူ့လက်ညှိုးကလေးတွေ လှုပ်ရှား၍ ရစပြုလာသည် ။ လက်ညှိုးကလေးတွေ လှုပ်ရှား၍ ရလာသည် ဆိုတော့ သူ လေဖြတ်သွားတာ မဟုတ်ကြောင်း ကျော်ဝမ်း ပျော်ရွှင်စွာ တွေးမိလေသည် ။ သေလုမြောပါး ဖြစ်နေသူ၊ သေမင်းနှင့် စစ်ခင်းနေသူ၊ သေခြင်းနှင့် အလောင်းအထပ်လုပ်နေသူ ကျော်ဝမ်းအတွက် လက်ညှိုးကလေးတွင် လှုပ်ရှားရလာခြင်းသည် ပျော်ရွှင်မှုဖြစ်သည် ။ စိတ်ညစ်ခြင်းနှင့် ပျော်ရွှင်မှုကို သူ့အပိုင်းနှင့်သူ ကန့်ထားရပေမည်။ လက်ညှိုး လှုပ်နိုင်ပြီဆိုလျှင် မသေတော့ဘူးဟူ၍ တော့ မပြောနိုင်ပေ။

အသေကောင် တစ်ကောင်လို ဖြစ်နေသည့် လူတစ်ယောက်တွင် လက်ညှိုးကလေး လှုပ်ရှားနိုင်ခြင်းကနေ အသက်ပြန်ဝင်လာသလို တစ်ကိုယ်လုံး လှုပ်ရှားနိုင်လာပါလိမ့်မည်။ ကျော်ဝမ်းသည် ဘဝကို ပြင်ဆင်တွေးခေါ်မှုနှင့် ချိန်ထိုးနေသူ မဟုတ်ပေ။ သူ အလွန် သဘောကျသော ပုံပြင်ကလေးတစ်ခုကို သူ သတိရလာသည် ။ သူ့လက်ညှိုးကလေးတွေ ကွေး၍ ရစပြုလာနေပြီလည်း ဖြစ်လေသည် ။

တစ်ခါက ပင်လယ်ပြင်ထဲတွင် ကမ်းမမြင် လမ်းမမြင် ကူးခပ်နေကြသည့် သဘော်ပျက် သဘော်သားနှစ်ယောက်သည် ရေထဲတွင် ဖော့၍ ကူးလာရင်း စကားပြောဖြစ်ကြသည် ။

"ခုလိုချိန်မှာ ငါးသေတ္တာကလေး တစ်လုံးလောက် မျောလာရင် ကောင်းမယ်ကွာ။ ဝေဖာမုန့်ထုပ်ကလေး ဆိုရင်လည်း မဆိုးဘူး။ ပေါင်မုန့်ဆိုရင်လည်း တွယ်မှာ ပဲ။ ကိတ်မုန့် ဆိုရင်တော့ နံ့ပြီးသားပေါ့ကွာ။ ရယ်ဒီမိတ် ထမင်းဘူး ဆိုရင်တော့ ကိုင်လို့ ကောင်းလိုက်မယ့်ဖြစ်ခြင်းကွာ"

သဘော်သားတစ်ယောက်က သူစားချင်တာတွေကို စိတ်ကူးယဉ်ပြီးပြောနေတာကို တခြားတစ်ယောက်က ဘာမှ မပြောဘဲ ငြိမ်၍ ကူးနေလေသည် ။

"အနည်းဆုံး ရေဘူးလေးတစ်ဘူး မျောလာရင်ကို မဆိုးပါဘူးကွာ။ မင်းက ဘာမှ မျောမလာစေချင်ဘူးလား"

"မီးတို့ ပြီးသား ဆေးလိပ်တစ်လိပ်လောက် မျောလာရင်တော့ ကောင်းတာပေါ့ကွာ"

ထိုပုံပြင်ကို ကြားစဉ်က ကျော်ဝမ်း ဟက်ဟက်ပက်ပက် ရယ်လိုက်မိသလို ယခု ပြန်တွေးတော့လည်း ပြုံးမိလေသည် ။ ရေထဲမျောလာဖို့ မလွယ်သည့်အထဲ ပို၍ မလွယ်သော မီးတို့ ပြီးသား ဆေးလိပ်ကို တောင့်တသူကို သူ ရယ်သွမ်းသွေးခဲ့သည် ။ ယင်းကဲ့သို့ ရယ်သွမ်းသွေးခဲ့သဖြင့် ကျော်ဝမ်းအား အားမလိုအားမရ ဖြစ်စရာလိုမည်မထင်။ ကျော်ဝမ်းသည် ဘဝကို ပြင်ဆင်တွေးခေါ်မှုနှင့် ချိန်ထိုးသူ မဟုတ်ဟု ဆိုခဲ့ပြီးပါပြီ။

ပြင်ဆင်တွေးခေါ်မှုနှင့် ချိန်ထိုးနိုင်သူတွေကတော့ ထိုရယ်စရာပုံပြင်ကလေးသည် ခမ်းနား ကြီးကျယ်လှသည့် ဒဿနကျမ်းကြီးတစ်စောင် ဖွဲ့

နိုင်ပါလိမ့်မည်။ သမ္မတတစ်ယောက်အတွက် အထိန်းအကွပ်ပုံပြင် ဖြစ်နိုင်သည် ။ စီးပွားရေး လုပ်ငန်းကြီးများ အတွက် သတိပြုစရာ ဖြစ်နိုင်သည် ။ ကောင်းမှုကုသိုလ် ပြုသူတွေ သံဝေဂဖြစ်နိုင်သည် ။ မြင့်မြတ်သောလူတွေအတွက် အရာအားလုံး ဖြစ်နိုင်ပါသည် ။ ဝါးလုံးကွဲ ရယ်ခဲ့သူ ကျော်ဝမ်းပင်လျှင် ပြုံးရုံကလေးသာ ပြုံးမိသွားသည် ကို ကြည့်သင့်ပါသည် ။

လက်ကလေး နည်းနည်းလှုပ်၍ ကွေး၍ ရလာသည် ဆိုတာနှင့်ပင် ကျော်ဝမ်းသည် သူ့ခြေထောက်များ ၏ အခြေအနေကို သိချင်လာသည် ။ ခြေထောက်တွေ ရှိနေ၊ မနေကိုပင် ယခုအချိန်ထိ သူ အတည်မပြုနိုင်သေးပေ။ မျက်လုံးအစုံကို မှိတ်၍ သူ အာရုံခံကြည့်သည် ။ သူ့ခေါင်းက ယခုအချိန်ထိ လှုပ်ရှား၍ မရသေး။ မျက်လုံး၏ ရှေ့တည့်တည့်နှင့် ခေါင်းမလှည့်ဘဲ မြင်ရသည့် နံဘေးအဝိုက်ကလေးကိုသာ မြင်ရသေးသည် ။

“ကျင်းမောင်… ကျင်းမောင်ရေ”

သူ့အသံသည် လက်တစ်ကမ်းက ကြားနိုင်သည့် အခြေအနေကို ရောက်နေပြီဖြစ်သည် ။ သူနှင့် လက်တစ်ကမ်းတွင် တစ်ယောက်ယောက် ရှိနေပြီး သတိရနေမည်ဆိုလျှင် သူ့အသံကို ကြားရနိုင်သည် ။ ပွဲတော်နှင့် သူ၏ ဝန်းကျင်သည် အသံတွေကို စုပ်ယူခံထားရသလို တိတ်ဆိတ် ငြိမ်သက်လျက်ရှိရာ ပုရွက်ဆိတ်ခြေသံကိုပင် ကြားရနိုင်လေသည် ။ အသံကို မကြားရခြင်းတွင် သူကိုယ်တိုင် နားပင်းသွားတာလည်း ဖြစ်နိုင်သည် ဟု တွေးတောကာ သူ့စိတ်ပူမှုဒီဂရီ မြင့်တက်သွားပြန်သည် ။ ကျော်ဝမ်းသည် သူ နားမပင်းကြောင်းကို သူ့အသံသူ ပြန်ကြားနေရတာက သက်သေထူနေကြောင်းကို စိတ်ပူပြီးမှ တွေးမိရှာလေသည် ။ သို့သော် ကျော်

ဝမ်း သေချာအောင် အသံထပ်ပြုကြည့်သည် ။

"ကျင်းမောင်ရေ"

ခြောက်ကပ်နေသည့် လည်ချောင်းထဲမှ ထွက်လာသော အသံသည် အက်ရှရှဖြစ်နေသည် ။ ဆာလောင်မွတ်သိပ်မှုဖြင့် ခြောက်ကပ်ကာ ပူလောင်နေသည့် လည်ချောင်းသည် ရေခန်းခြောက် နေသော လယ်ကွက် အက်ကြောင်းလို သူ၏ ပါးစပ်ကို ဟစေလျက်ရှိသည် ။

"ကျင်းမောင်ရေ… ဘယ်သူရှိလဲ။ ဘယ်သူမှ မကြားဘူးလား"

ကျော်ဝမ်းသည် လှုပ်ရှား၍ ရလာသော လက်ချောင်းကလေးများကို ကွေးကြည့်ရင်း လက်တစ်ဖက်လုံး လှုပ်ရှားနိုင်ဖို့ ကြိုးပမ်းကြည့်သည် ။ ကြမ်းပေါ်တွင် အပြားလိုက် ကပ်နေသော လက်က လှုပ်ရှား၍ မရသေးပါ။ လက်ဖဝါးကို မြှောက်ကြည့်လိုက်တော့ လက်ကောက်ဝတ် လောက်ကနေ ရှေ့ဆက် မြှောက်တက်လိုက်မလာသည် ကို တွေ့ရသည် ။

"ဘူမောင်ရေ… ဟေ့… ဘူမောင်"

သူနှင့် အနီးဆုံးတွင် ရှိနေခဲ့သော ဘူမောင်ကို သူ လှမ်းအော်ခေါ်ကြည့်သည် ။ ပပ်ကြားအက်ထဲက ထွက်လာသော အသံသည် လှေပဲ့တစ်ခုလုံးကို ကြားနိုင်သည့် အနေအထားကို ရောက်လာသော်လည်း ပြန်လည်တုံ့ပြန်သံကို သူ မကြားရပေ။ လှေပဲ့ဘက်ကို လွင့်စဉ်သွားခဲ့သော ဘူမောင်၏ အသက်ရှင်ရေးမှာ စိုးရိမ်စရာ ဖြစ်နေသည် ။

ပွဲတော်သည် ငြိမ်သက်လျက်ပင် ရှိလေသည် ။ ပွဲတော်ကိုယ်တိုင်ပင် လှျှင် လှိုင်းကြီးများ ၏ အပြန်ပြန်အလှန်လှန် ပုတ်ခတ်တိုက်ခိုက်မှုကို ကြောက်ခမန်းလိလိ ခံခဲ့ရလေရာ သူ့လိုပင် မလှုပ်မရှားနိုင် ဖြစ်နေပုံရသည် ။ လှိုင်းပုတ်သံ တိုးတိုးကလေးကို ကြားနေရ၍ သာ ရေထဲတွင်

မျောနေကြောင်း သူ ခန့်မှန်း၍ ရသည် ။ ထိုလှိုင်းပုတ်သံသာ မကြားရလျှင် ပွဲတော်သည် သောင်တစ်ခုခု၊ ကမ်းတစ်ခုခု၊ ကျောက်ဖျာ တစ်ခုခုပေါ် တစ်ခြမ်းလဲ တင်ငြိနေသည် ဟု ထင်မှတ်ဖွယ်ရာဖြစ်သည် ။

လေပြည်နုကလေးသည် သူ့အနီးသို့ မဝံ့မရဲ ရောက်လာသည် ။ ပွဲတော်သည် လည်း ထိုလေပြည်နုကလေးကြောင့် လှုပ်ရှားစပြုလာသည် ။ သူ၏ လက်ချောင်းကလေးများ စတင်လှုပ်ရှား၍ ရလာသလိုမျိုး ဖြစ်သည် ။ ထိုလှုပ်ရှားမှုက ပွဲတော်သည် တစ်ခုခုနှင့် ငြိနေသည့် အနေအထား မဟုတ်သလို တစ်ခုခုပေါ် တင်နေသည့် အနေအထားလည်း မဟုတ်ကြောင်းကို သက်သေထူပေးနေသည် ။

ပွဲတော်သည် ရေပေါ်တွင် ပေါ်နေသည် ။ ရေထဲတွင် မျောနေသည် ။ ဘယ်ရောက် ဘယ်ပေါက်၍ ဘယ်လိုပုံစံဖြင့် ဘယ်နေရာကို မျောနေလေသလဲ မသိ။

"ကျင်းမောင်ရေ... ဘူမောင်ရေ... ကိုကြီးထောရေ... ကိုကြီးသိန်းရေ... ကိုလှအောင်ရေ... ကိုကြီးသောင်းရေ"

ကျော်ဝမ်းသည် သူ၏ တစ်ခုတည်းသော ရှားရှားပါးပါး ဆက်သွယ်၍ ရသည့် အသံဖြင့် တစ်ယောက်ချင်းကို ခေါ်လိုက်၊ နားစွင့်ကြည့်လိုက် နှင့် လှေပေါ် ပါလာကြသူများ နှင့် ဆက်သွယ်နိုင်ဖို့ ကြိုးပမ်းကြည့်သည် ။ သူ့အော်သံကို တစ်လှေလုံးက မကြားနိုင်သေးသော်လည်း လှေတစ်ဝက် လောက်ကတော့ ကြားနိုင်နေပြီဖြစ်သည် ။

သို့သော် လှေပေါ်တွင် သူ့အသံကလွဲ၍ အခြား လူသံသူသံကို သူ မကြားရသေးပေ။ သူ့လူတွေ မေ့မြောနေကြဆဲလား၊ မိုးသက်လေပြင်း သယ်ဆောင်ရာကို ပါသွားကြပြီလား၊ သူသည် လှုပ်ရှား၍ ရအောင် ကြိုးပမ်းနေရင်းကပင် သူ့လူတွေကို အသံပေး၍ ဆက်သွယ်နေလေသည် ။

လေပြည်နုကလေး၏ ထွေးပွေ့မှုက သူ့ဆာလောင်မှု၊ ပူလောင်မှုကို ပြေငြိမ်းစေနိုင်ခြင်း မရှိပေ။ လှိုင်းအိကလေးများကြောင့် ညင်ညင်သာသာ ပေါ်လာနေသော လှေနံကို ရေပုတ်သံသည် လည်း သူ့ရင်ကို လန်းဆန်းစေနိုင်ခြင်း မရှိပေ။ သူသည် လှေပေါ်က ပွဲတော်သားများ ၏ အသံကို ကြားရလို ကြားရငြား တစ်ယောက်ချင်း အော်ခေါ်လျက်ရှိလေသည် ။

“အောင်ထွန်းနိုင်ရေ...”

*

အခန်း (၁)

## ကျော်ဝမ်းနှင့် ကျင်းမောင် (သို့) ထိုညီအစ်ကို

ဒေါ်ဖွားကြည်ဆိုင်တွင် လူအတော်ကျနေပြီ ဖြစ်သော်လည်း ကျင်းမောင် ရောက်မလာသေး တာက ကျော်ဝမ်း စိတ်ဆတ်ကျသွားစေသည် ။ သူ့စိတ်တွေလည်း ဂနာမငြိမ် ဖြစ်လာသည် ။ ကျော်ဝမ်းနှင့်စာလျှင် သူ့ညီ ကျင်းမောင်က ပို၍ တေတေပေပေနိုင်သည် ဟု ဆိုရမည်။ လေးထောင့်စပ်စပ် မျက်နှာပြပြကို ပိုင်ဆိုင်သော ကျော်ဝမ်းသည် အဝတ်အစားကိုလည်း ကျကျနန ဝတ်စားပြီး ဂိုက်ဆိုက်ကျအောင် နေသည် ။ ဘောင်းဘီကို ထည်လဲဝတ်တတ်ပြီး တစ်ခါတစ်ရံမှ သာ ပုဆိုးကို ဝတ်သည် ။ ဘောင်းဘီဝတ်စရာ မရှိတော့မှ ပုဆိုးကို ကောက်ဝတ်ခြင်းလည်း ဖြစ်သည် ။

ရှိသမျှ ဘောင်းဘီများကို တစ်နေ့တစ်ထည် ပတ်လည် ပြန်ပြန်လှန်လှန် ဝတ်ပြီးမှ အားလုံးကို လျှော်ဖွပ်လှန်းကာ မီးပူတိုက်သဖြင့် ထိုကြားကာလတွင် ပုဆိုးဝတ်ခြင်းဖြစ်သည် ။ သူက သူ့ကိုယ်သူ ကြော့နေအောင် ဝတ်စားဆင်ယင်နေတတ်လေရာ တစ်ခါတလေ စင်ပေါ်တက်ပြီး သီချင်းဆိုတတ်သူ သူ့ကို မြို့ကလူတွေက သိနေကြသည် ။ သူကတော့ ပကတိ အဆိုတော်တစ်ယောက်လို ပုံဖမ်းကာ ကြွရွနေတတ်သည် ။

သူ့ညီ ကျင်းမောင်ကတော့ ကျော်ဝမ်းလို ကြွရွနေသူမဟုတ်။ အဝတ်အစားကို ကိုယ်လုံရုံအတွက်သာ ဝတ္တရားကျေ ဝတ်ထားတတ်သူဖြစ်သ

ည် ။ ကျော်ဝမ်းထက် အရပ် အနည်းငယ် ပုသော်လည်း သန်မာသူဖြစ်သ ည် ။ သူ့မျက်နှာက သွယ်လျပြီး မင်းသားရုပ် ပေါက်နေသူလည်း ဖြစ်သ ည် ။ သို့သော်လည်း ကျင်းမောင်သည် မင်းသားရုပ်ဆိုတာကို သတိပြု ထားသူမျိုးတော့ မဟုတ်ပေ။

ဘောင်းဘီရှည်ကို ဘယ်တော့မှ ဝတ်လေ့မရှိသည့် ကျင်းမောင်သည် ဘောင်းဘီတို တစ်ထည်ကိုတော့ လုံခြုံရေးအတွက် မပျက်မကွက် ဝတ် ထားလေ့ရှိသည် ။ သူ အမြဲဝတ်ထားသည့် ပုဆိုးက သူ့လုံခြုံမှုအတွက် အပြည့်အဝ တာဝန်ယူခြင်း မရှိကြောင်းကို သူကိုယ်တိုင် သိရှိထားသဖြ င့် ဘောင်းဘီကို အကူအညီယူထားရခြင်း ဖြစ်သည် ။

သူက အရက်လုံချင်သဖြင့် ပုဆိုးကိုဝတ်ထားလျှင် သူ့ပုဆိုးက သူ့အရ က်ကို တာဝန်ယူ ပေးပါသည် ။ သူက တာဝန်ယူရန်မလိုတော့ဟု ယူဆ ချိန် (သို့) ပုဆိုးတာဝန်ကို သူ မသိသော အချိန်မျိုးတွင် သူ့ပုဆိုးကလည်း သူ့ကို လောကွတ်ပျူငှာလုပ်ပြီး မပံ့ပိုးတော့ပေ။

အဝတ်အစားပေါ် သဘောထား ကွဲလွဲကြသလို ကောင်မလေးတွေကို စိတ်ဝင်စားသည့် နေရာမှာ လည်း သူတို့ ညီအစ်ကိုနှစ်ယောက်က တစ် မျိုးစီ ကွဲလေသည် ။ အစ်ကိုလုပ်သူက ကောင်မလေးတွေကို စိတ်ဝင်တ စားရှိပြီး ရည်းစားစာတစ်စောင်ကို ဘောင်းဘီအိတ်ထဲ အမြဲ ဆောင် ထားတတ်လေသည် ။

ကျော်ဝမ်းသည် ၇ တန်းအထိ ကျောင်းနေဖူးသော်လည်း ရည်းစား စာ တစ်စောင်ကိုတော့ ဖြစ်မြောက်အောင် မရေးတတ်ပေ။ သူ့ဘော်ဒါ တွေကို အပူကပ်ပြီး သူ့လက်ရေးဖြင့် ပြန်ကူးထားသည့် စာတွေဖြစ်သ ည် ။ မိတ္တူကူးစက်နှင့် ကူးထားသလို သူ့ရည်းစားစာတွေက ထပ်တူကျ နေသည် ။ ထိုသို့ ထပ်တူကျနေခြင်းကလည်း သူ့ကို အနှောင့်အယှက် မ

ပေးပါ။ သူ့အားလပ်ချိန်တွင် ကူးကူးထားပြီး အဝတ်တွေထဲထည့်ကာ အဆင်သင့်လုပ်ထားသည် ။

ကျင်းမောင်ကတော့ ကောင်မလေးတွေ သည် လောကထဲတွင် ရှိနေသေးကြောင်းကိုပင် အာရုံထဲ ရောက်မလာတတ်သူ ဖြစ်သည် ။ ကောင်မလေးတွေကိစ္စ ဟူသမျှ သူနှင့်ပတ်သက်ခြင်းမရှိဟု တွက်ထားပုံလည်း ရလေသည် ။ ပိုချောသော သူ့ကို သူ့အစ်ကိုထက် ပို၍ စိတ်ဝင်စားမှု ပြတတ်သည့် ကောင်မလေးတွေကိုလည်း သူက ရှိသည် ဟု ပင် ထင်ပုံမရချေ။

ထိုသို့ လျစ်လျူရှုခံရသော ကောင်မလေးတွေက ကျင်းမောင်ကို ကလေကချေစာရင်းသို့ သွင်းကြလေသည် ။ ကလေကချေ စာရင်းသွင်းသူနှင့် မသွင်းသူကြားမှာ ပင် စကားများကြရသေးသည် ဟု လည်း ကျော်ဝမ်းက သူ့ညီကို သတင်းပေးတတ်သည် ။ ထိုသတင်းမျိုးကို ကျင်းမောင်၏ အာရုံက လက်ခံရန် အကန့်မရှိပေ။ ကျော်ဝမ်းက တမြည်မြည်လုပ်လာလျှင် မြည်နေသည့် ကြေးစည်ကို လက်ဖြင့်ဖမ်းကိုင်ကာ အသံတိတ်သွားစေသလို စကားပိတ်ပြောပစ်လိုက်တတ်သည် ။

"ကောင်မလေးတွေအကြောင်း ပြောချင်ရင် မင်း တခြားဝိုင်း သွားထိုင်ကွာ"

ကျော်ဝမ်းတွင် သူ့ညီဝိုင်းကလွဲ၍ အခြားထိုင်စရာဝိုင်း မရှိပေ။ ကျော်ဝမ်းမှာ သပ်သပ်ရပ်ရပ် ကော့ကော့မော့မော့နှင့် စတိုင်ကျကျ နေတတ်သော်လည်း လက်ကြောကျတော့ အတော်ကို လျော့လေသည် ။ လက်ကြောဆိုတာပင်လျှင် ရှိမှ ရှိပါလေစဟု မေးလာလျှင် မေးသူကို အပြစ်မဆိုသာပါ ဟူသော အမျိုးအစားတွင် ကျော်ဝမ်းက စာရင်းချိတ်ထားသည် ။

ကျင်းမောင်၏ လက်ကြောကတော့ လှေချည်ကြိုးတွေလို တောင့်တင်းသည် ။ ပျော့ပျောင်းပြီး ခိုင်မာသည် ။ ကျင်းမောင်က သူ့ရေချိန်အတွက်ဆိုလျှင် ဘာပဲလုပ်ရလုပ်ရ ကောက်ကက်လုပ်သည် ။ ထရံကာရမလား... ကောက်ကာပေးလိုက်မည်။ ရေနံချေးသုတ်ရမလား... ကောက်သုတ်ပေးလိုက်မည်။ ဆေးသုတ်ခေါ်မလား... လိုက်သုတ်ပေးလိုက်မည်။ ရေတွင်းတူးချင်သလား... တူးပေးပါမည်။ အိမ်သာကျင်း တူးရမလား... လာထား ဟူ၍ ကောက်တူးပေးလိမ့်မည်။ ထိုအလုပ်မျိုးစုံကို တစ်ယောက်တည်း လုပ်ဆိုလည်း လုပ်သည် ။

တစ်ခါတလေ ရေတွင်းတူးစရာပေါ်၍ အပေါ်က ဆွဲတင်ပေးရမည့်သူ မရှိလျှင် သူ့အစ်ကိုကို ခေါ်ကြည့်သည် ။ သူ့အစ်ကိုက ရှက်၍ မလိုက်တတ်ပေ။

“ပိုက်ဆံရှာတာ ရှက်နေရင် ပိုက်ဆံနဲ့ ဝယ်သောက်ရတဲ့ အရက် မသောက်နဲ့ ပေ့ါကွ”

ကျင်းမောင်က ယင်းကဲ့သို့ ဟောက်လိုက်လျှင်လည်း ကျော်ဝမ်းက သူ့ညီကို စိတ်ဆိုးဖို့ ရန် မရှိပေ။ ကျော်ဝမ်းက ရှာအလုပ်ကို အားတက်သရော လုပ်နေသည့် သူ့ညီလုပ်သမျှ အလုပ်တွေကို စိတ်မဝင်စားသော်လည်း သူ့ညီ နည်းပေါင်းစုံ၊ အလုပ်မျိုးစုံဖြင့် ရှာဖွေ၍ ရလာသောငွေဖြင့် သူ့ရေချိန်ကို ဖြည့်ဆည်းနေရသည် ဆိုတော့ သူနှင့် သူ့ညီအကြားတွင် စိတ်ဆိုးခြင်းကို ဝင်လာဖို့ ကျော်ဝမ်းက ခွင့်မပြုပေ။ ထိုကိစ္စမျိုးကို ကျော်ဝမ်းက သာစေနာစေ ဟူ၍ လည်း တွက်မထားပေ။

ထိုညီအစ်ကိုနှစ်ယောက် စိတ်တူကိုယ်တူ ရှိသည့်ကိစ္စတွေ၊ နှစ်ယောက်ပေါင်း လုပ်ဖြစ်တာတွေတော့ ရှိသည် ။ ဒေါ်ဖွားကြည်ဆိုင်တွင် အတူတူထိုင်ပြီး ပြိုင်တူမော့ချိန်မျိုး၊ ဂလောက်ဖန်ဟု သူတို့ အမည်ပေးထား

သည့် အရက်ဖိုးမရှိချိန် အရက်နှင့် လဲသောက်ရမည့် ပစ္စည်းတစ်ခုခုကို ကြံကြဖန်ကြရာတွင် ဖြစ်စေ သူတို့ ညီအစ်ကို ခေါင်းညိတ် ခေါင်းခါ ညီကြလေသည် ။

ကျောင်းမောင်က အရက်ဖိုးကို သူ့နည်းသူ့ဟန်ဖြင့် ရရာလုပ်ကာ လိုက်ရှာနေချိန်မျိုးတွင် ကျော်ဝမ်းက ဂလောက်ဖန်ကိစ္စကို စဉ်းစားထားရသည် ။ သူ့ညီ ခါလီပြန်လာရပြီဆိုလျှင်တော့ ကျော်ဝမ်းက သူ စဉ်းစားထားတာတွေကို ပြောပြသည် ။ နှစ်ဦးသဘောတူသော ကိစ္စကို အကောင်အထည် ဖော်ကြသည် ။

တွေ့ကရာအလုပ်ကို အောက်ကျို့လိုက်လုပ်နေသော ကျောင်းမောင်၏ အလုပ်များ သည် သူ့မိဘများ ၏ ငွေရေးကြေးရေး ပိုင်ဆိုင်မှု၊ လုပ်ငန်းကိုင်ငန်းနှင့် တွက်ကြည့်လျှင် မိဘမျက်နှာကို အိုးမဲသုတ်နေသည့် အလုပ်တွေ ဖြစ်နေသည် ။ ကျော်ဝမ်းကလည်း ဒါကိုတော့ လက်ခံထားသည် ။ သို့ဖြစ်၍ လည်း မိဘမျက်နှာငယ်ရမည့် အလုပ်မျိုးကို သူကတော့ မလုပ်လိုပေ။ သူ့ညီ လုပ်နေသလောက်နှင့်ပင် လုံလောက်နေပါပြီ။

သူ့ဖြစ်၍ လည်း သူ့ညီလုပ်နေသည် များကို သူ မတားပေ။ သို့ဖြစ်၍ လည်း သူ့ညီ ရလာသည့် အခကြေးငွေဖြင့် သူ့ရေချိန်ကို ဖြည့်နိုင်လေသည် ။ သို့ဖြစ်၍ လည်း ကျော်ဝမ်းသည် သူ့ညီ ကျောင်းမောင်ကို မျှော်ရသူဖြစ် လာလေသည် ။ သို့ဖြစ်၍ လည်း ဒေါ်ဖွားကြည်ဆိုင်အနီးတွင် လေချဉ်တက်ကာ သူ့ညီကို မျှော်နေလေသည် ။

ဒေါ်ဖွားကြည်ဆိုင်ကို ဖြတ်၍ လာသော လေတို့ သည် ကျော်ဝမ်း၏ နှာခေါင်းကို တို့ ထိ ဆော့ကစားသွားပြီးသည့်နောက် လည်ချောင်းထဲက အော်သံကို နှိုးဆွလျက်ရှိသည် ။ နှာဝကို လာခတ်သော ရနံ့တွေကို ရှူရှိုက်မိရင်း ပျို့တက်လာသည် ။ တအေ့အေ့ စည်းချက်သည် သားချော့

တေးသံ မဟုတ်ဘဲ ယမကာဂီတ ဖြစ်နေလေသည် ။

ဒေါ်ဖွားကြည်ဆိုင်တွင် စာရင်းမှတ်၍ သောက်နိုင်သော အခွင့်အရေးကို ဒေါ်ဖွားကြည်က သတ်မှတ်ထားသည် ။ ဖောက်သည် တိုးပွားရေးစီမံမှုကို မတတ်ကျွမ်းသော၊ မသင်ယူခဲ့ရသော ဒေါ်ဖွားကြည်သည် ထိုစာရင်းများကို ကိုင်တွယ်ရာမှာ တော့ ကျွမ်းကျင်လှသည် ။ သို့ဖြစ်၍ လည်း ဒေါ်ဖွားကြည်ဆိုင်တွင် စာရင်းမှတ်၍ သောက်နိုင်သူစာရင်းတွင် စမတ်ကျသော ကျော်ဝမ်း ပါဝင်ခွင့်မရဘဲ ပုဆိုးကွင်းသိုင်းထားသည့် ကျောင်းမောင်ကသာ ရရှိထားလေသည် ။ ကျောင်းမောင်က စာရင်းမှတ်လျှင် ဘာမှ မပြော။ ကျော်ဝမ်းယူလျှင်တော့ တောမေးတောင်မေးတွေ လျှောက်မေးပြီးပါမှ နင့်ညီလာမှ ယူ ဟု လုပ်တတ်သည် ။

ဒေါ်ဖွားကြည်က အကြွေးတောင်းရာတွင် လည်း သူ အကြွေးပေးသူများ ၏ နိုင်ကွက်တွေကို ရယူထားသည် ။ အကြွေးယူထားပြီး ပြန်မဆပ်လျှင် မဆပ်သူ၏ တာဝန် ဖြစ်သွားလေပြီ။ ဒေါ်ဖွားကြည်ကတော့ သူ့တာဝန်ကို သူ ဆက် လုပ်သွားပေလိမ့်မည်။ ဘယ်လို လေပြည်စေ့စပ်မှုမျိုးကို မဆို ဒေါ်ဖွားကြည် လက်မခံတော့ပေ။ ဒေါ်ဖွားကြည်သည် စေ့စပ်ရေးသမား မဟုတ်ပေ။ အရက်ရောင်းသူ ဖြစ်သည် ။ သည် တော့ အရက်ဖိုးက ရကို ရရပေလိမ့်မည်။

သူ့ညီ ကျောင်းမောင် မလာသရွေ့ ဒေါ်ဖွားကြည်ဆိုင်ကို ကျော်ဝမ်းသွား၍ မရသေးပေ။ စာရင်းမှတ်၍ မရသည့်အထဲ ဆိုင်ထဲက အနံ့ပေါင်းစုံက သူ့ကို ဝိုင်းဝန်း ထိုးနှက်ကြလိမ့်မည်။ သူသည် လေပြည်သင့် အရက်နံ့ကလေးကို စိတ်ပျက်လက်ပျက် ရှူရင်း လမ်းကို မျှော်နေစဉ် ခြေလှမ်းကျဲကြီးများ ဖြင့် အောင်ပွဲခံ ချီတက်လာသော သူ့ညီတော်မောင်ကို တွေ့လိုက်ရသည် ။ ဂလုခနဲ တံတွေးမျိုချရင်း လမ်းကနေ သူ ရပ်စောင့်

နေသည် ။

"ချပြီးပလား"

"ဘယ်ချရသေးမှာ လဲကွ။ ရေမှ မရှိတာ"

ကျင်းမောင်က သူ့လည်ချောင်းထဲကနေ စကားလုံးတွေ ထုတ်လွှတ်ရေးထက် လည်ချောင်းထဲ အရက်လောင်းထည့်ရန်ကိုသာ စိတ်လောနေရာ သူ့အစ်ကို ကျော်ဝမ်းကို ကျော်တက်သွားပြီး ဒေါ်ဖွားကြည်ခြံထဲသို့ ဝင်သွားသည် ။ ကျော်ဝမ်းလည်း သူ့ညီနောက်က အပြေးအလွှား လိုက်သွားသည် ။ ကျင်းမောင်မှာ ပုဆိုးကို တိုတိုဝတ်ထားပြီး အပေါ်ပိုင်း ဗလာတွင် မြေနီတွေ ပွနေဆဲဖြစ်သည် ။ ရေတွင်း (သို့) အိမ်သာတွင်းတစ်ခုခုကို တူးပြီး ပြန်လာခဲ့ပုံရသည် ။ ချွတ်ထားသည့် အင်္ကျီရော၊ ဝတ်ထားသည့် ပုဆိုးရော မြေနီတွေဖြင့် ပွနေသည် ။

ကိုယ်လက်သန့်စင်ရန်အတွက် သူ့ကလီစာတွေက အချိန်ပေးပုံ မရပေ။ အချိန်ပေးလျှင်လည်း သူက အသုံးချမည့်သူ မဟုတ်ပေ။ သူ့အူလမ်းကြောင်း ရှင်းလင်းရေးကို သူ့ကိုယ်ရှင်းလင်းရေးထက် ဦးစားပေးထားသည် ။ ကျင်းမောင် ဝင်လာသည် ကို မြင်သည် နှင့်ပင် ဒေါ်ဖွားကြည် အဖြူတစ်လုံးနှင့် ပလတ်စတစ်ခွက်နှစ်ခွက်ကို လာချပေးသည် ။ ရေချိုင့်တစ်ချိုင့်ကို ချပေးသလို သရက်သီး ဆားရည်စိမ်တစ်လုံးကိုလည်း ပလတ်စတစ် ပန်းကန်ပြားသေးလေးနှင့် လာချပေးသည် ။ ဆားအနည်းငယ်ကိုလည်း ပန်းကန်ပြားနံဘေးတွင် ပုံပေးထားသည် ။

ကျင်းမောင်ကိုယ်ပေါ်မှ မြေနီများက ကျင်းမောင် လက်ငင်းရှင်းမည်ကို ဖော်ပြနေပြီး စာရင်းထဲမှ ကိန်းဂဏန်းအချို့ကို လျှော့ချတော့မည်ကို ဒေါ်ဖွားကြည်က သေချာပေါက် တွက်ထားပြီးဖြစ်သည် ။ ဒေါ်ဖွားကြည်၏ လှုပ်ရှားမှုက ကျင်းမောင်ကိုပင် လေအကုန်ခံမနေနဲ့ တော့ ဟူသော

ဝန်ဆောင်မှုကြီး ဖြစ်လေသည် ။ ကျင်းမောင်ကလည်း သူ့ခွက်ကို လှမ်းယူပြီး ပထမခွက်ကို ရေရောစပ်ကာ တစ်ဘရိတ်တည်း ကိုင်ထည့်လိုက်သည် ။ ကျော်ဝမ်းကတော့ ပလတ်စတစ်ခွက်ကို သူ့အင်္ကျီနှင့် သုတ်နေသည် ။

"မင်းကလည်း ... လက်လေးဘာလေး ဆေးဦးမှ ပေါ့ကွာ။ မြေကြီးတွေ ဗိုက်ထဲ ဝင်သွားဦးမယ်"

"မြေကြီးထဲ ရောက်မယ့်ကောင်တွေပဲကွာ"

"ရောက်တဲ့ အခါကျတော့မှ ရောက်ပေါ့ကွာ။ လောလောဆယ် ဗိုက်ထဲ ပါမသွားဖို့ လိုတာပေါ့ကွာ။ အသက် ဉာဏ်စောင့်တဲ့ "

"တော်စမ်းပါကွာ။ စကားလုံးတွေ ပွတယ်"

ကျင်းမောင် ပိတ်ပြောလိုက်သည် ။ ကျော်ဝမ်းလည်း စကားမဆက်တော့ဘဲ သူ့ညီ နှစ်ခွက်နောက်က တစ်ခွက်လိုက်သွားနိုင်ဖို့ ကမန်းကတန်းထည့်ကာ ရေကို ကသောကမျောရောပြီး မော့ချလိုက်သည် ။

"ငါ ရှမ်းကမ်းလိုက်သွားရမလားလို့ စဉ်းစားနေတာကွ။ ငါးလှေလိုက်တာပဲဖြစ်ဖြစ်၊ ခြံစောင့်ဖြစ်ဖြစ်၊ မိုင်းဖြစ်ဖြစ်၊ ဂိုဒေါင်စောင့်ဖြစ်ဖြစ်သွားလုပ်ရမလားလို့ "

"မင်းက လုပ်နိုင်လို့ လား"

ကျော်ဝမ်းစကားကို ကျင်းမောင်က လိုရင်းပဲ မေးလိုက်သည် ။ ကျော်ဝမ်းက အားတက်သရော မဟုတ်သော်လည်း ယုံကြည်ချက်ရှိသူလို ပြန်ဖြေသည် ။

"ဘာလို့ မလုပ်နိုင်ရမှာ လဲကွာ။ လူတိုင်း လုပ်နေကြတာပဲ"

"လုပ်နိုင်ရင် ဒီမှာ လည်း လုပ်လို့ ရပါတယ်ကွာ။ ရှမ်းကမ်းထိ သွားစရာ မလိုပါဘူး။ လုပ်နိုင်ဖို့ ပဲ လိုတာ"

"မတူဘူးလေကွာ။ မင်းလို တွေ့ကရာလိုက်လုပ်ရင်တော့ ရတာပေါ့ကွ။ ဒါပေမဲ့ အဖေနဲ့ အမေရဲ့ မျက်နှာတွေက ရှိသေးတယ်။ လူမြင်လို့ ကောင်းတာ မဟုတ်ဘူး "

"ခု မင်းသောက်နေတာ လူမြင်မကောင်းတဲ့ နေရာက ရှာလာတဲ့ ငွေတွေကွ"

"ဟုတ်ပါတယ်။ ငါပြောတာက မင်းကို အပြစ်တင်တာ မဟုတ်ဘူး ။ မင်းကလည်း ဒီလိုပဲလုပ်၊ ငါကလည်း ဒီလိုပဲလုပ်ဆိုရင် သွားပြီလေကွာ။ သောက်သုံးမကျတဲ့ သားသမီးတွေ မွေးထားသလို ဖြစ်သွားမှာ ပေါ့"

"သောက်သုံးတော့ ကျပါတယ်ကွာ။ ကျလွန်းလို့ ကို ရှာလို့ မဆုံးတော့ဘူး"

ကျင်းမောင်က တဟားဟား ရယ်သည် ။ သည် ညီကို ရင့်ကျက်လာအောင် သင်ပေးဖို့ တော်တော်လိုပေသေးတာပဲဟု ကျော်ဝမ်းက စိတ်ပျက်လက်ပျက် တွေးနေလေသည် ။ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား၊ ပေါ့ပေါ့တွေးနှင့် လူပေါ့ကြီး ဖြစ်နေလေပြီ။ အနည်းဆုံးတော့ ပေါ့ပေါ့မနေဖို့ လိုတာပေါ့ဟု ကျော်ဝမ်းက တွေးသည် ။

ကျင်းမောင်ကတော့ ပြောပြီးလျှင် ပြီးသွားပြီ။ ရယ်လိုက်ရတာကလည်း ရယ်ချင်လွန်း၍ မဟုတ်လေတော့ ခပ်တိုတိုပဲ ရယ် လိုက်လေသည် ။ အဖေနှင့် အမေတွင် ကိုယ်ပိုင်လုပ်ငန်း ရှိသည် ။ ထိုကိုယ်ပိုင်လုပ်ငန်းကို အလုပ်သမားတွေ ငှားရမ်း၍ လုပ်ကိုင်နေကြခြင်း ဖြစ်သည် ။ သားနှစ်ယောက်က လုပ်ငန်းခွင်ထဲကို မဝင်ဘဲ တစ်ယောက်က လတ်လျားလတ်လျားနေကာ တစ်ယောက်က တွေ့ကရာအလုပ်တွေကို ကျပန်း လိုက်

လုပ်နေသည် ။

အဖေနှင့် အမေက လုပ်ငန်းကို ကိုယ်တိုင်ဦးစီး၍ လုပ်ကိုင်နေကြသော်လည်း အသက်အရွယ် ကလေးတော့ ရောက်လာကြပြီဖြစ်သည် ။ နေရာတကာ ဝင်၍ လုပ်ကိုင်နိုင်သည့် အနေအထားလည်း မရှိတော့။ လမ်းညွှန်ရုံ၊ သင်ပြရုံ၊ စစ်ဆေးစိစစ်ရုံလောက်ကိုသာ လုပ်နိုင်ကြတော့သည် ။ သူတို့ အလုပ်ကလည်း လမ်းလျှောက်နေရသည့် အလုပ်ဆိုတော့ ကြာကြာလျှောက်လျှင် သိသိသာသာ ညောင်းလာတော့သည် ။ ညဘက်ဆိုလျှင် အကြောတွေတင်းကာ အကြောဖြေဆေးတွေ လိမ်းရတော့သည် ။ တစ်ယောက် တစ်ယောက် ကူကက် နင်းနှိပ်ပေးရန်ကလည်း မဖြစ်တော့ အိမ်နေအိမ်စား အလုပ်သမားတွေက နင်းနှိပ်ပေးမှ ပြေရလေသည် ။

"အဖေနဲ့ အမေက ရှေးအဘိုးကြီးတွေဆိုတော့ ပြောရတာ ခက်တယ်ကွ။ ငါပြောတာက ရှင်းရှင်းကလေးရယ်။ သူများကို ပေးနေတဲ့ နေ့တွက်ပေးရင် လုပ်မယ်လို့ ပြောတာကွာ"

"ခုလည်း လူငှားလုပ်ရတော့ သူများကို နေ့တွက်ပေးနေရတာပဲ။ ဘာထူးလို့ လဲ"

ညီအစ်ကိုနှစ်ယောက်က သည် နေရာမှာ တော့ အတိုင်အဖောက်တွေ ညီကြလေသည် ။ အိမ်ကအလုပ်ကို သူတို့ ညီအစ်ကိုနှစ်ယောက် ဝင်လုပ်တော့ လူနှစ်ယောက်စာ အငှားသက်သာမည်။ အဖေနှင့် အမေဘက်က ကြည့်ပြန်တော့ သူစိမ်းတွေကို နေ့တွက်ပေးငှားသလို သားအရင်းနှစ်ယောက်ကို နေ့တွက်ပေးရမည် ဆိုတာကို စိတ်ကူးထဲထည့်ဖို့ ရာပင် မလိုဟု ယူဆသည် ။

"မင်းတို့ က ဘာကောင်တွေလဲကွ... ဟင်။ ကိုယ့်မိသားစုအလုပ် လု

ပ်တာ လခ လိုချင်သေးတာလား။ မင်းတို့ စားဖို့ သောက်ဖို့ ၊ ဝတ်ဖို့ နေဖို့ လုပ်နေတာကွ။ မင်းတို့ က လုပ်ခ ရချင်နေသေးတယ်။ လူကြားလို့ မှ မကောင်းဘူးကွာ”

အဖွေ့စကားက သူတို့ အဓိကတောင်းဆိုနေသည့် လုပ်ခသည် သူတို့၏ ရေချိန်ဖိုးအတွက် တောင်းဆိုနေခြင်း ဖြစ်လေရာ ထိုရေချိန်ဖိုးအတွက် ထွက်လာတော့မည် မဟုတ်ကြောင်း ဖော်ညွှန်းလျက် ရှိလေသည် ။ ရေချိန်အတွက် သူတို့ ဝင်ငွေမရှိလျှင် သူတို့ ရေကြောပြတ်သွား ပေလိမ့်မည်။ သို့သော် ရေချိန်အတွက် လုပ်ခလစာကို တောင်းနေခြင်း ဖြစ်ကြောင်းကိုတော့ အဖွေ့ကို သူတို့ ပြော၍ မဖြစ်ပေ။ အမှုက ပို၍ ကြီးထွားသွားပေမည်။

နောက်ဆုံးမှာ တော့ သဘောပေါက်လွယ်သူတွေဖြစ်သော ထိုညီအစ်ကိုသည် ရေချိန်ဖိုးပင် ထွက်မလာသည့်အလုပ်ကို မလုပ်ခြင်းဖြင့် သူတို့အဖေကို သဘောပေါက်စေမည်ဟု ပိုင်းဖြတ်လိုက် ကြလေသည် ။ သူတို့နှစ်ယောက် အလုပ်မဆင်းတော့ သူတို့ နှစ်ယောက်အစား လူငှားနှစ်ယောက်ကို ခေါ်ရပြန်သည် ။ အဖွေ့စကားလုံးမိုင်းတွေကို ရှောင်သည့်နေရာတွင် ကျွမ်းကျင်လှသော ထိုညီအစ်ကိုကတော့ အဖွေ့ရှေ့ကို အရိပ်တောင် ထွက်မပြတော့ပေ။

“ခက်တယ်ကွာ။ ငါတို့ အလုပ်မလုပ်တော့လည်း ငါတို့ ကို ကျွေးနေရတာပဲ မဟုတ်လား။ နေ့တွက်ပေးလိုက်တော့ ငါတို့ ရေချိန်အတွက်လည်း အဆင်ပြေ၊ အလုပ်လည်း ဖြစ်ရော”

“ဒါပေါ့... မိသားစု စီးပွားရေးကို ညီအစ်ကိုနှစ်ယောက် တက်တက်ကြွကြွနဲ့ ဝိုင်းလုပ်နေကြတာ လူမြင်လည်း ကောင်းတယ်ကွာ ။ ဦးထွန်းအုံသားတွေက လိမ္မာတတ်သိတဲ့ ကလေးတွေ ဆိုပြီးတော့လ

ည်း လူတွေက အမြင်ရှင်းတာပေါ့ကွာ”

“ငါဆို ကောင်မလေးတွေက လက်ကြောမတင်းတဲ့ ကောင်လို့ ထင်ကြတယ်ကွ။ သူတို့ မိဘတွေကလည်း ကြည့်တာကိုက ကလေက ချေတွေကို ကြည့်သလို ကြည့်ကြတာ။ ငါ အခံရ ခက်တယ်ကွာ”

“ကောင်မတွေ ထင်တာများ ခေါင်းထဲထည့်မနေစမ်းပါနဲ့ ကွာ။ မိန်းမတွေက သူတို့ အတွက် အပိုလုပ်ပေးမယ့်ကောင်။ ခိုင်းကောင်းမယ့် ကောင်ကို ဖမ်းဖို့ ကြံစည်နေကြတာပဲကွ။ အရေးလုပ် မနေစမ်းပါနဲ့ … မင်းကလည်း ”

ကျင်းမောင်က မိန်းမကိစ္စကို ခေါင်းထဲထည့်ထားသူ မဟုတ်တော့ သူ့အစ်ကိုကို ခပ်ပြတ်ပြတ်ပဲ ပြောလိုက်သည် ။ ကျော်ဝမ်းကတော့ သည် ကိစ္စမျိုးတွင် သူ့ညီနှင့် ဆန့်ကျင်ဘက်ဖြစ်လေသည် ။

“ဘယ်ဟုတ်မလဲကွာ… မင်းကလည်း ။ ယုယုစံတို့ ကိုပဲ ကြည့်ကွာ။ ဟိုကောင် ကြည်လွင်ဆိုရင် ဘာမှ လုပ်စရာမလိုဘူး။ သူ့မိန်းမက သူ့ကို သိပ်ချစ်တာ။ စီးပွားရှာတာကလည်း ကောင်းသေးတယ်ကွာ။ ဒီကောင် ဇိမ်နဲ့ နှပ်နေတာ”

“မင်းက ကြည်လွင်ကိုပဲ ကြည့်တာကိုးကွ။ သန်းအောင်တို့ လင်မယားကို ဘာပြောမလဲ။ ခြေလှုပ်လက်လှုပ် ပွစိပွစိနဲ့ ကွာ။ နတ်ဝင်သည် ကျနေတာပဲ။ သန်းအောင်ဆိုရင် အရက်ကလေး သောက်တာတောင် ကျီးလန့်စာစားနဲ့ အပြေးအလွှား သောက်ရရှာတာ။ မဟုတ်ရင် သူ့မိန်းမ က လိုက် လာပြီး ပွဲကြမ်းပြီ။ စိတ်ပျက်စရာကြီးတွေပါကွာ”

စကားတပြောပြောနှင့် တစ်လုံး ကုန်သွားတော့ နောက်တစ်ပိုင်း ဆက်နွဲကြပြန်သည် ။ တစ်လုံးကုန်ထားပြီဖြစ်၍ တစ်ပိုင်းကျတော့ လက်န ည်းနည်း နွေးလာသည် ။ နေကလည်း တဖြည်းဖြည်း ကျလာနေပြီဖြစ်

သည် ။ ဒေါ်ဖွားကြည်ဆိုင်က သရက်ပင်ကြီးတွေ၊ ပိန္နဲပင်ကြီးတွေ၊ ကုက္ကိုပင်ကြီးတွေ အုံ့ဆိုင်းနေသဖြင့် နေပျောက်ပင် ကောင်းကောင်း မထိုးသော နေရာဖြစ်သည် ။ လမ်းကြိုလမ်းကြားတွင် ဖွင့်ထားသော်လည်း လမ်းမတန်းပေါ်က စားသောက်ဆိုင်တွေထက် ပိုစည်လေသည် ။

"ကျင်းမောင်... ရေတွင်းဖော်ချင်လို့ မင်းလိုက်ရှာနေတာကွ။ စောစောက ဘရင်တို့ အိမ်မှာ အိမ်သာကျင်း တူးနေတယ်လို့ ကြားတယ်။ ငါ လိုက်လာမလို့ ပဲ။ မင်းက မြန်လိုက်တာကွာ။ တစ်ယောက်တည်း တူးတာ တစ်ရက်တည်း အပြီးချလိုက်တော့တာကိုး"

"ရီးဘသင်ကလည်း ဗျာ... မြန်မြန်ပြီးတော့ မြန်မြန်ပိုက်ဆံရတာပေ့ါဗျ။ မြန်မြန်ပြီးအောင် အင်ဂျင်ကို ဆီအပြည့်ထည့်ထားတာ။ ဆီရှိလို့ ကတော့ ကျွန်တော့်အင်ဂျင်က မောင်းချင်သလောက် မောင်းတော့တာပဲ။ ဆီမကုန်ခင်ပြီးအောင် မောင်းရတာ"

ဦးဘသင်က တဟားဟားရယ်ရင်း တစ်ပိုင်းဟေ့ ဟု လှမ်းအော်သည် ။ ထားဝယ်က 'ဦး' ကို 'ရီး' ဟု ခေါ်သည် ။ ဦးဘသင်မှာ အရက်ကလေးဆွတ်ချင်သဖြင့် ကျင်းမောင် အလုပ်လုပ်နေချိန်တွင် လိုက်မသွားဘဲ ဆိုင်ထဲရောက်ချိန်ကို တွက်ပြီး လိုက်လာခြင်းဖြစ်ကြောင်းကိုလည်း ကျင်းမောင်က သိသည် ။

"နင် မြန်မြန်သောက်ပြီး ပြန်နော်"

ဒေါ်ဖွားကြည်က အရက်တစ်ပိုင်းကို လာချပေးရင်း ပြောလိုက်တော့ အကြောင်းသိတွေက ရယ်ကြလေသည် ။

"မင်း လိုက်ရှာဦးမယ်ဆိုပြီး ထွက်လာရတာကွ ကျင်းမောင်ရ။ မင်းတို့ အဒေါ်အကြောင်းလည်း မင်းတို့ သိသားပဲ"

"သိပါတယ်ဗျာ။ ရီးဘသင် နည်းနည်းကြာသွားရင်တော့ ကြီးဖွားကြ ည်တစ်ယောက် ယောကျ်ားကောက်ရပြီသာ မှတ်တော့ပဲ... မဟုတ်လား ”

"ဟုတ်ပ့ါတော်။ အလကားရတိုင်း သူ့ယောကျ်ား ငါ့ထိုးထိုးအပ်နေ တာ။ ငါ့မှာ လည်း ငါ့ဟာနဲ့ ငါမို့လို့ သာပေ့ါ"

" မရှိရင် ကြီးဖွားကြည်က ဆွဲလိုက်မလို့ လား"

"မဆွဲပေါင်တော်... ငါ ဆွဲချင်လို့ ကတော့ ဒီကောင်မတောင် ရမှာ မ ဟုတ်ဘူး "

ဒေါ်ဖွားကြည်စကားကြောင့် အကြောင်းသိတွေ ပွဲကျသွားကြပြန်သ ည် ။ ဦးဘသင်နှင့် ဒေါ်ဖွားကြည်က ငယ်ရည်းစားတွေ ဖြစ်ခဲ့ကြဖူးသည် ။ ငယ်ငယ်ကတည်းက ထန်းရည်ကလေး တမြမြ လုပ်နေသော ဦးဘသ င်ကို ထန်းရည်ဖြတ်ခိုင်းရာမှ သူတို့ နှစ်ယောက် ကွဲခဲ့ကြရသည် ။

"ငါက ထန်းရည်နံ့ မခံနိုင်ဘူးလေ"

ဒေါ်ဖွားကြည်က စိတ်လိုလက်ရရှိလျှင် ထိုအကြောင်းကို ပြန်ဖောက် သည် ချတတ်လေရာ ထိုစကားရောက်လျှင် ရယ်ကြရလေသည် ။ ထန်း ရည်နံ့ မခံနိုင်သူက အရက်ရောင်းနေသည် မဟုတ်လား။ ဦးဘသင်ကို လမ်းခွဲပြီး ဦးမောင်ကြီးကို လက်ခံလိုက်သော ဒေါ်ဖွားကြည်သည် ကိုယ် သောက်သည့်အရက်ကို ကိုယ်တိုင်ချက်သော ယောကျ်ားကို ရွေးမိလျက် သား ဖြစ်နေလေသည် ။

"ကိုယ်တိုင် ချက်သောက်နေမှ တော့ မထူးတော့ဘူးဆိုပြီး သူ့ပိုချက် ခိုင်း၊ ငါက ထိုင်ရောင်း လုပ်ရတော့တာပေ့ါ။ ဘဝဆိုတာ သူဆွဲတဲ့ ကြိုး ကိုပဲ ရုပ်သေးက လိုက်လှုပ်ရတာကိုးကွဲ့။ ငယ်ငယ်က ရုပ်သေးကိုပဲ ကြ

ည့်ခဲ့တာကိုး။ ရုပ်သေးရုပ်လှုပ်အောင် ဆွဲတဲ့ ကြိုးကို မကြည့်ခဲ့ဘူးလေ”

ဒေါ်ဖွားကြည် စိတ်လိုလက်ရ ရှိ လာပြီဆိုလျှင်တော့ ငယ်ငယ်က ကြည့်ခဲ့ရသည့် ဇာတ်ထဲက စကားလုံးတွေကို ရွတ်ကာ သူ့အကြောင်းကို ဆက်တိုက် ပြောနေတတ်သည် ။ အရက်ခြင်ပေးသည့် နေရာကနေ လှမ်းပြောနေတာဆိုတော့ ဆိုင်ထဲကလူတွေ အားလုံး ကြားရလေသည် ။ တစ်ခါတစ်ရံ ဆိုင်လာသောက်သူတွေက ပျင်းပျင်းရှိလျှင် ဒေါ်ဖွားကြည်ကို ဆွပေးပြီး ပြောခိုင်းတတ်သေးသည် ။ နားထောင်ပြီးသားတွေ ဖြစ်သော်လည်း ထပ်နားထောင်ကာ လိုက်ရယ်ကြလေသည် ။

ကျင်းမောင်တို့ ညီအစ်ကို ဒေါ်ဖွားကြည်ဆိုင်ထဲက ထွက်လာချိန်မှာ မှောင်နေပြီဖြစ်လေသည် ။ ဆိုင်က ထွက် လာပြီးသည့်နောက် တစ်ယောက်တစ်လမ်း ခွဲကာ အိမ်ကို ကိုယ့်လမ်းကကိုယ် ပြန်ကြသည် ။

အဆီပြန်နေသော မျက်နှာကို ပုဆိုးဖြင့်သုတ်ပြီး ဆံပင်ကို လက်ဝါးဖြင့် သပ်သပ်ရပ်ရပ် ဖြစ်အောင် ဖြီးလိုက်ပြီးနောက် ကျော်ဝမ်းက သူ့ညီဆီမှ ကွမ်းယာဖိုးတောင်းကာ သူပိုးနေသည့် ကွမ်းယာသည် ကလေး ရှိရာဆိုင်သို့ ချီတက်သွားလေသည် ။

ကျင်းမောင်ကတော့ သူ့အစ်ကို ကောင်မလေးဆိုင် ချီတက်သွားချိန်တွင် ဒေါ်ဖွားကြည်ဆိုင်ကို နောက်တစ်ခေါက်ဝင် လာပြီး တစ်ပိုင်း ထပ်ဆွဲလိုက်သေးသည် ။ သူ့ရေချိန်က သူ့အစ်ကိုရေချိန်ထက် မြင့်နေသည်ကို သူ့အစ်ကို မသိအောင် လျှို့ဝှက်ထားခြင်း ဖြစ်သည် ။ အပိုဆောင်းတစ်ပိုင်းကို ဖြုံပြီးချိန်မှာ တော့ ကျင်းမောင် ပုဆိုးက ဝတ်သည့်တာဝန်ကနေ သိုင်းသည့်တာဝန် ယူလိုက်ရပြီ ဖြစ်သည် ။

နောက်ဖေးပေါက်ကနေ ထမင်းစားခန်း၊ မီးဖိုချောင်ပေါ် ဒယီးဒယိုင် တက်လာသော ကျင်းမောင်သည် မီးဖိုချောင်ထဲသို့ အမှောင်ထဲမှာ ပင်

ကြောင်တစ်ကောင်လို ချွတ်နင်း ရောက်ရှိသွားလေသည် ။ ထမင်းစားပွဲ အုပ်ဆောင်းကိုဖွင့်ပြီး ထမင်းဟင်းကို ဇလုံထဲထည့်ကာ နယ်လိုက်ပြီး တစ်လုတ်ပြီးတစ်လုတ် သွတ်လေသည် ။ ကျော်ဝမ်းကတော့ ထမင်းစားပြီး၍ နောက်တစ်ခေါက် လမ်းလည်ထွက်သွားပြီဖြစ်သည် ။

ထမင်းစားပြီးနောက် ဇလုံကို ရေဖြင့်ကျင်းကာ မှောက်ထားလိုက်ပြီး သူ၏ ဖိမာန်ရှိရာ အောက်ထပ်သို့ ဆင်းလာခဲ့သည် ။ ယခုလို ထမင်းစား နိုင်သည့် ရက်တွေက ကျင်းမောင်ကို စိန်ခေါ်လျက်ရှိလေသည် ။ အမေ ကတော့ ကျင်းမောင် ကြောင်တိုးတိုးပြီး ထမင်းစားသွားတာကို သိသည် ။ သို့ဖြစ်၍ လည်း ထိုသားနှစ်ယောက်အတွက်ကို ပြင်ဆင်ပေးထားခဲ့ခြင်း ဖြစ်သည် ။ အဖေကတော့ ထမင်းစားပြီးလျှင် ရေနွေးကြမ်းတစ်အိုးနှင့် ထိုင်နေလိုက်သည် မှာ ည အိပ်ရာဝင်ချိန်ထိ ဖြ စ်သည် ။ နာရီပေါင်းများ စွာ တစ်ယောက်တည်း ထိုင်နေတတ်သည့် အ ချိန်တွေကို သားတွေက မသိသလို သားတွေ ဘယ်အချိန်ပြန်ရောက်ပြီး ဘယ်အချိန်အိပ်သည် ကိုလည်း အဖေက မသိချေ။

ဘောင်းဘီတိုတစ်ထည်၏ အားကိုးဖြင့် အိပ်ပျော်နေသော သားငယ် ရှိရာသို့ ဖယောင်းတိုင် မီးကလေးထွန်းကာ လာကြည့်ရင်း အမေကိုယ် တိုင် ပုဆိုးဖြစ်ဖြစ်၊ စောင်ဖြစ်ဖြစ် ခြုံပေးသွားတတ်သည် ။ စောင်ကို အ ပေါ်ပိုင်းခြုံပေးထားပြီး ပုဆိုးကို အောက်ပိုင်း ခြုံပေးထားလိုက်ခြင်းလ ည်း ဖြစ်လေသည် ။ မနက် မိုးလင်းလျှင် ပုဆိုးမှာ သေးတွေ ရွှဲရွှဲစိုကာ မွှ န်ထူနေလေတော့သည် ။

သို့ဖြစ်လေရာ ကျင်းမောင်သည် သူ့အနေအထားနှင့် ကိုက်ညီမှု ရှိစေ ရန် ရေကို မနက်ပိုင်း အိပ်ရာထချိန်ကျတော့မှ ပဲ ချိုးလေသည် ။ ညချိုး လိုက်လျှင်လည်း မနက်ပိုင်း ထပ်ချိုးရခြင်းနှင့် ညဘက် ရေငင်ရတာ အ

ဆင်မပြေခြင်းတို့ နှင့် ကြုံရလေရာ မနက်ပိုင်း ရေချိုးချိန်အဖြစ် သူ သတ်မှတ်ထားလိုက်သည် က ပို၍ အဆင်ပြေ အချိုးကိုက်လေသည်။

*